## လိုက်ပါခွင့်ရလိုင်စင်မှ မင်နီမှတ်ချက်ပြု အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံ လက်မှတ် လျှောက်ထားခြင်း

## လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ

၁။ လျှောက်လွှာ (လျှောက်လွှာမူရင်းတွင် ရုံးခွန်တံဆိပ်ခေါင်း ၅၀၀ ကျပ် ထမ်းဆောင်ရမည်။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံးသို့ လိပ်မူတင်ပြရမည်)

၂။ အထက်တန်းရှေ့နေလိုင်စင်မူရင်း။

၃။ အလုပ်အတည်ပြုခန့်သည့်အမိန့်မိတ္တူ။

၄။ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ။

## မှတ်ချက်

၁။ သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်အဆင့်ရုံးမှတစ်ဆင့် လျှောက်ထားရန်ဖြစ်သည်။

၂။ တရားရုံးချုပ်၏ ၂၁-၆-၂၀၀၀ ပြည့်နှစ်ရက်စွဲပါ စာအမှတ်၊ ၄၅၁/၄-ရန(၂၀၀၀)ဖြင့် အထက်တန်းရှေ့နေမင်နီလိုင်စင် လျှောက်ထားသူများနှင့် မင်နီလိုင်စင်ပယ်ဖျက်၍ ရှေ့နေလိုက်ပါခွင့်လိုင်စင် လဲလှယ်ခွင့်ပြုရန် လျှောက်ထားသူများသိစေရန် ကြေညာချက်တွင် ၇-၁၂-၁၉၉၉ ရက်နေ့က ကျင်းပပြုလုပ်သော တရားရုံးချုပ် တရားသူကြီးများ၏ ၁၄/၁၉၉၉ ကြိမ်မြောက်အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ -

(က) အထက်တန်းရှေ့နေလိုင်စင်ကိုင်ဆောင်ပြီးနောက် ဝန်ထမ်းအဖြစ်ဖြင့် မင်နီလိုင်စင်သို့ လဲလှယ်ရန်(၃)နှစ်နှင့်အထက် ပျက်ကွက်သူများအား မင်နီလိုင်စင် လဲလှယ်ခွင့်ပြုမည် မဟုတ်ကြောင်း၊

(ခ) မင်နီလိုင်စင်ကိုင်ဆောင်ထားပြီး ဝန်ထမ်းအဖြစ်မှ ထွက်ပြီးနောက် ရှေ့နေလိုက်ပါခွင့်ရလိုင်စင် လဲလှယ်ရန်(၃)နှစ်နှင့်အထက် ပျက်ကွက်သူများအား မင်နီလိုင်စင်မှ ရှေ့နေလိုက်ပါခွင့်ရလိုင်စင်သို့ လဲလှယ်ခွင့်ပြုမည်မဟုတ်ကြောင်း ကြေညာထားပါသည်။